## မဲစာရင်းလူပိုပါဝင်မှုနှင့်ပတ်သက်သည့်အဖြစ်မှန်များ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းများပိုမိုပြည့်စုံမှန်ကန်မှုရှိစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ယခင်ရွေးကောက်ပွဲများတွင် မဲစာရင်းကိုတစ်ကြိမ်သာကပ်ထားကြေညာခဲ့သော်လည်း ယခုအကြိမ်တွင်မဲဆန္ဒရှင်များကြည့်ရှုပြင်ဆင်နိုင်ခွင့်ပိုမိုရရှိစေရန်အတွက် ဒုတိယအကြိမ်ထပ်မံကြေညာခဲ့ပါသည်။ ဒုတိယအကြိမ်ထုတ်ပြန်သောမဲစာရင်းများနှင့်ပတ်သက်၍ မဲစာရင်းရှာရခက်သည်၊ အမှားများသည်၊ ပြင်ပြီးသားအချက်များမူရင်းအတိုင်းပြန်လည်ထွက်ပေါ်လာသည် စသည်ဖြင့်ဝေဖန်ချက်များပေါ်ထွက်လာပါသည်။ ယင်းအချက်များမှာ software အားအဆင့်မြင့်ပြောင်းလဲရာတွင်အနည်းငယ်လွဲမှားမှုများရှိ၍ ပုံနှိပ်ရာတွင်မှားယွင်းပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော်လည်း မူလစာရင်း၏ဖိုင်များတွင်ရှိနေသဖြင့် ယခုအခါပြင်ဆင်နေပြီဖြစ်ပါသည်။

အခြားဝေဖန်ချက်တစ်ခုမှာမဲဆန္ဒရှင်များပိုမိုပါဝင်နေခြင်းဖြစ်ပါသည်။ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေအပိုဒ် (၅) အရ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှပြုစုထားသည့် ပုံစံ ၆၆/၆ စာရင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဦးစီးဌာနမှပြုစုထားသည့်လူဦးရေစာရင်းကိုအခြေခံ၍ မဲစာရင်းပြုစုရန်ပြဌာန်းထားသည်။ ထိုကြောင့်သက်ဆိုင်ရာမြို့နယ်များတွင်ရှိသော ပုံစံ ၆၆/၆ များကိုအခြေခံမဲစာရင်းတွင်ထည့်သွင်းပြုစုရပါသည်။ သို့ပါ၍ မဲဆန္ဒရှင်များအနေဖြင့်လက်ရှိနေထိုင်သည့်နေရာတွင် ပုံစံ ၆၆/၆ ထည့်သွင်းထားခြင်းမရှိပါကယင်းဒေသတွင်မဲစာရင်းပါရှိမည်မဟုတ်ကြောင်း အကြိမ်ကြိမ်ပညာပေးပြီးဖြစ်ပါသည်။ လက်ရှိနေထိုင်သည့်နေရာတွင်မဲပေးလိုသော်လည်း ပုံစံ ၆၆/၆ မရှိလျှင် ပုံစံ ၃-က ဖြင့်မဲစာရင်းထည့်သွင်းနိုင်ပါသည်။ ဤသို့မဲစာရင်းသွင်းပြီးပါက သွင်းပြီးကြောင်းနှင့်မူရင်းမဲစာရင်းမှအမည်ကို ပယ်ဖျက်ပေးရန်သက်ဆိုင်ရာကော်မရှင်မှမြို့နယ်ကော်မရှင်သို့တင်ပြပြီး မြို့နယ်ကော်မရှင်မှ ပုံစံ ၃-ခ ဖြင့်မူရင်းဒေသရှိကော်မရှင်အဖွဲ့ခွဲသို့တောင်းဆိုရမည်ဖြစ်ပါသည်။ သို့သော် ယင်းပုံစံ ၃-ခ များပြန်လည်မရောက်ရှိပါကမူလမဲစာရင်းတွင်သက်ဆိုင်ရာကော်မရှင်များမှ ပယ်ဖျက်ခွင့်မရှိပါ။ လက်ရှိအခြေအနေအရ မဲဆန္ဒရှင်များသည်နေထိုင်သည့်နေရာပြောင်းရွှေ့သွားသော်လည်း ပုံစံ ၆၆/၆ များကိုရွှေ့ပြောင်းခြင်းမရှိသဖြင့် မဲစာရင်းတွင်ပါဝင်နေခြင်းဖြစ်ပါသည်။ တောင်ဥက္ကလာပမြို့နယ်တွင် ယင်းသို့ပိုနေသောပုဂ္ဂိုလ်များ ၉၈၁၂၂ ဦးရှိနေ၍ဝေဖန်ပြောဆိုမှုများရှိနေပါသည်။

တောင်ဥက္ကလာပမြို့နယ်မှ (၇) ရပ်ကွက်အမှတ် ၈၄၇၊ လမ်း ၂၀ တွင် နေထိုင်သူက ၎င်းပိုင်ဆိုင်သော (၇) ရပ်ကွက်၊ အမှတ်၈၃၉၊ လမ်း ၂၀ တွင် လက်ရှိငှားရမ်းနေထိုင်သူ သုံးဦးသည် ဧည့်စာရင်းဖြင့်နေထိုင်သူများဖြစ်ပြီး ယင်းလိပ်စာ၏မဲစာရင်း၌ လူသုံးဆယ်ကျော်ခန့်ပါဝင်နေပြီး

အချို့မှာနိုင်ငံခြားသားများပင် ကော်မရှင်ကထည့်သွင်းထားသည်ဟု ဖေ့စ်ဘုတ်၌တင်ပြခဲ့ပါသည်။ သို့ပါ၍သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသို့သွားရောက်စုံစမ်းခဲ့ရာ အဖြစ်မှန်ကိုသိရှိခဲ့ရသည်။

အဖြစ်မှန်မှာယင်းလိပ်စာတွင်ငှားရမ်းနေထိုင်ပြီး အစဉ်အဆက်ပြောင်းရွှေ့သွားသူများက ပုံစံ ၆၆/၆ ကိုပြောင်းရွှေ့သွားခြင်းမရှိသဖြင့် ပါဝင်နေကြသူများဖြစ်သည်။ ယင်းအိမ်တွင်နေထိုင်ခဲ့သော ဦးကိုကိုကြီးပါ (၄) ဦးသည် ယင်ခင်ကအိမ်ရှင်ဖြစ်ပြီး ယခုအခါရောင်းချပြောင်းရွှေ့သွားသူဖြစ်သည်။ ဦးအက်အေဂူစတား(ထိုစဉ်ကဆိပ်ကမ်းဝန်ထောက်)ပါ (၄) ဦး၊ ဦးဉာဏ်ထွန်းပါ (၆) ဦး၊ ဦးအေးမြင့်ပါ (၄) ဦး၊ ဦးသာရွှေပါ (၂) ဦး၊ ဦးကျော်အောင်ပါ (၅) ဦး၊ ဦးခင်မောင်စီပါ (၆) ဦး၊ ဒေါ်သိန်းသိန်းဌေးပါ (၇) ဦးတို့သည် ယင်းအိမ်တွင်အဆက်ဆက်ငှားရမ်းနေထိုင်ခဲ့ကြပြီး ယခုအခါယင်းအိမ်တွင်နေထိုင်ကြသူများမဟုတ်သော်လည်း ပုံစံ ၆၆/၆ ကိုပြောင်းရွှေ့သွားခြင်းမရှိကြကြောင်းသိရှိရပါသည်။ သို့ပါ၍ လူဦးရေများနေခြင်းဖြစ်သည် အလားတူပင် (၁၀) ရပ်ကွက်ဖေယျာလမ်း၊ (၃) ရပ်ကွက်ဝေဇယန္တာလမ်း၊ (၆) ရပ်ကွက်အင်းဝလမ်း မင်းခေါင် (၁) လမ်း၊ (၁၂) ရပ်ကွက်မာဃ (၁၁) လမ်း၊ (၅) ရပ်ကွက် (၁၃) လမ်း၊ (၈) ရပ်ကွက် (၉)လမ်း၊ (၁၁) ရပ်ကွက် (၅) လမ်းတို့တွင်လည်း အလားတူဖြစ်ရပ်များရှိသည်ကို သိရပါသည်။

ဤကဲ့သို့သောဖြစ်ရပ်များသည် တောင်ဥက္ကလာပမြို့နယ်တွင်သာမက ရန်ကုန်မြို့နှင့်မြို့ကြီးများ၏မြို့နယ်အချို့တွင် ပေါ်ပေါက်နေခြင်းဖြစ်သည်။ သို့ပါ၍ အမှန်တကယ်ပြောင်းရွှေ့သွားသူများ၊ ကွယ်လွန်သွားသူများကိုအတိအကျသိရှိပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ကြရန်လည်းကောင်း၊ ကာယကံရှင်များကလည်း အံ့ကယ်၍မိမိရောက်ရှိသည့်နေရာတွင်မဲဆန္ဒပေးမည်ဆိုပါက သက်ဆိုင်ရာဒေသတွင် ပုံစံ (၃-က) ဖြင့်မဲစာရင်းထည့်သွင်းလျှောက်ထားပါက သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကတစ်ဆင့် ယခင်နေထိုင်ခဲ့သည့်ရပ်ကျေးကော်မရှင်၏ မူရင်းမဲစာရင်းတွင်မိမိတို့၏ အမည်များကို ပယ်ဖျက်ပေးခြင်းဖြင့် မဲစာရင်းမှန်ကန်ရေးဆောင်ရွက်နိုင်မည်ဖြစ်သည်။